စိတ်ကူးချိုချိုအနုပညာ

ကြည်အေး

# နှမ်းလျအိမ်ပြန်



တတိယအကြိမ်

# အမှာ

စာရေးသူအများ ပင် ငယ်စဉ်က ရေးသည့်စာကို ပြန်လည် ထုတ်ဝေသည့်အခါ ကျေနပ်အားရ ခြင်းထက် ရှက်ကြောက် တွန့်ဆုတ်ခြင်းက ပိုလိမ့်မည် ထင်ပါသည် ။ ပြင်ဆင်ချင်၊ ဖြည့်စွက်ချင်၊ ဖြတ်တောက်ချင် စိတ်တို့ နှင့် လက်ယားလိမ့်မည် ထင်ပါသည် ။

သို့သော် ကျွန်မ ၁၅ နှစ်က ရေးခဲ့သည် ကို ၃၅ နှစ်၌ အပြစ်ရှာရန်မလို မသင့်ဟု ထင်ပါသည် ။ ကျွန်မ၏ မိတ်ဆွေတို့ သည် အားလုံး ၃၅ နှစ်ချည်း ရှိသည် မဟုတ်ကြပါ။ ၁၅ နှစ် အရွယ်လည်း ရှိသည် ကို ဝမ်းမြောက်ဝမ်းသာ တွေ့ရပါသည် ။ တကယ်တော့လည်း ကျွန်မတို့ အားလုံးသည် အသက်အရွယ် သတ်မှတ်ဖို့ မလိုဘဲ၊ ရလည်း မရဘဲ အချို့က အညှောက်ထွက်ဆဲ၊ အချို့က အရွက်ဝေဆဲ၊ အချို့က သီးပွင့်ဆဲ ဥယျာဉ်ထဲ၌ သစ်ပင်များ ပမာ ကြီးပြင်းရှင်သန် နေကြသည် ကသာ အရင်းခံကိစ္စ ဖြစ်လေရာ (ကျွန်မကို အကောင်းဘက်သို့ မျှော်လင့်ခြင်း ကြီးသူလို့ ဆိုချင်ဆိုပါစေ။) ကျွန်မ၏ စာသည် ဘယ်သစ်တစ်ပင်တွက်ဖြစ်စေ နှင်းရည်တစ်ပေါက် အနေဖြင့် အေးမြစေသည် ဆိုလျှင် လိုသည် ထက် ပို၍ ရခြင်းလို့ ထင်ပါသည် ။

ထို့ကြောင့် ကျွန်မတို့ သည် ငယ်စဉ်က ရေးသည့်စာကို စုံမက်စွာဖြစ်စေ၊ ပြုံးရယ်၍ ဖြစ်စေ၊ သည်းခံကာဖြစ်စေ အလျဉ်းသင့်သလို ဖတ်ကြပါလိမ့်မည်။ ကိစ္စမရှိပါ။

ပြီးတော့ ကျွန်မသည် စာရေးနေသည့် ထိုကာလအတွင်းမှ ရိုးဖြောင့်သော၊ ဟန်မဆောင်သော၊ မကြွားဝါသော၊ စေတနာဖြူသော နှလုံးထားမြဲ ဖြစ်သည် ကို ဝန်ခံနိုင်လေရာ ကျွန်မအတွက် ဘာမှ ရှက်ကြောက်ဖွယ် မရှိသည် ကို စဉ်းစားမိပါသည် ။ (ထိုနှလုံးသားမျိုး ထားသည် ကို ကျွန်မ ဂုဏ်မောက်၍ မပြောပါ။ ကျွန်မတို့ သည် ထိုနှလုံးဖြင့် မွေးလာခဲ့ကြသည် လို့ ယုံကြည်ပါသည် ။ ဂျာမန်ကဗျာဆရာ ဘားတော့ဘရက်ပြောသလို မာန်နတ်၏ မျက်နှာဖုံးရုပ်ပုံကို ကြည့်လျှင် ယုတ်မာဖို့ ရာ ဘယ်လောက် တပင်တပန်း လုပ်ရသည် ။ လုံ့လထုတ်ရသည် ကို သိနိုင်ပေသည် ။)

ထို့ကြောင့် ကျွန်မသည် မရှက်ကြောက် မတွန့်ဆုတ်တော့ဘဲ ၁၅ နှစ်နှင့် အနှစ် ၂၀ အချိန်တွင်းက ရေးခဲ့သည့် ကျွန်မ၏ ဝတ္ထုနှစ်ပုဒ်ကို တစိုးတစိမျှ မပြင်ဆင် မဖြည့်စွက် မဖြတ်တောက်ဘဲ ရိုက်နှိပ်စေခဲ့ပါသည် ။

ကြည်အေး<br>၇-၁၂-၆၄

*****